ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် ( ၂၄ ) ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၂ ရက်

## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | ရန်ပုံငွေအကြောင်း တစ်စေ့တစ်စောင်း။ | ၂-၃ |
| ၂။ | ကယ်လီဖိုးနီးယားတွင် အလိုအလျောက် ဆုံးဖြတ်ချက်ချပေးနိုင်သော နည်းပညာများ (Automated decision-making Technology - ADMT) အတွက် ဥဏ်ရည်တုစည်းမျဉ်းများကို အပြီးသတ်ရေးဆွဲခြင်း။ | ၄-၅ |
| ၃။ | ဟားဗတ်တက္ကသိုလ်အတွက် ထောက်ပံ့ကြေးများကို အမေရိကန်သမ္မတ Trump က ပယ်ဖျက်ခြင်းသည် ဥပဒေနှင့်ညီညွတ်မှုမရှိကြောင်း အမေရိကန် တရားရုံးက ဆုံးဖြတ်ခြင်း။ | ၆-၇ |
| ၄။ | စပိန်နိုင်ငံက စားသောက်ဆိုင်၊ ဘားများတွင် ဆေးလိပ်သောက်ခြင်းကို တားမြစ်ခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းခြင်း။ | ၈-၁၀ |

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် ( ၂၄ ) ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၂ ရက်

## ရန်ပုံငွေ အကြောင်း တစ်စေ့တစ်စောင်း

"ရန်ပုံငွေ"(Fund)ဆိုသည့်စကားရပ်ကို Cambridge Dictionary တွင် "Fund is an amount of money saved , collected or provided for a particular purpose" ဟုဖော်ပြထားပါသည်။

ယနေ့ခေတ် ပြဋ္ဌာန်းဥပဒေတစ်ချို့တွင်"ရန်ပုံငွေ"(fund)ဆိုသောစကားရပ်ကို သုံးနှုန်းဖော်ပြခြင်းနှင့်စပ်လျဉ်း၍ ဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်ဘဏ္ဍာငွေမှထောက်ပံ့ငွေအပြင် ပြည်တွင်းပြည်ပအလှူရှင်များ၏လှူဒါန်းငွေများကိုသုံးစွဲရန် လိုအပ်သည့်အခါ ရန်ပုံငွေကိုသီးသန့်ထူထောင်သုံးစွဲလိုသဖြင့် "ရန်ပုံငွေ"(fund)ကိစ္စအားဥပဒေတွင်ထည့်သွင်းဖော်ပြခြင်းဖြစ်ပါသည်။

ဥပဒေပါ"ရန်ပုံငွေ"(fund)ကို ဥပဒေနှင့်အညီစီမံခန့်ခွဲပြီး တိကျသောရည်ရွယ်ချက်များအတွက်အသုံးပြုရမည်ဖြစ်ပါသည်။ "ရန်ပုံငွေ"(fund)ကို မည်သည့်ရငွေများဖြင့် ထူထောင်ခြင်း၊ မည်သည့်ကိစ္စရပ်များတွင် မည်သူ၏ခွင့်ပြုချက်ဖြင့်သုံးစွဲခြင်း၊ ရန်ပုံငွေကိုမည်သို့ထိန်းသိမ်းထားခြင်းနှင့်ငွေစာရင်းစစ်ဆေးခြင်းကို မည်သို့ဆောင်ရွက်မည်ဖြစ်ခြင်း စသည့်အချက်များ တိကျစွာ ထည့်သွင်းဖော်ပြရန်လိုအပ်ပါသည်။

ဥပဒေတွင် "ရန်ပုံငွေထူထောင်ခြင်း"ကိစ္စရပ်ကို ထည့်သွင်းဖော်ပြမည်ဆိုလျှင် "ရန်ပုံငွေထိန်းသိမ်းခြင်း"၊ "ရန်ပုံငွေသုံးစွဲခြင်း"နှင့်"ရန်ပုံငွေစီမံခန့်ခွဲခြင်း"ကိစ္စရပ်တို့ကိုလည်း ထည့်သွင်းဖော်ပြရန်လိုအပ်ပါသည်။

နိုင်ငံခြားဥပဒေတစ်ချို့တွင် "ရန်ပုံငွေ"(fund)ဆိုသည့်စကားရပ်ကို သုံးနှုန်းဖော်ပြရာ၌ ယင်းရန်ပုံငွေနှင့်စပ်လျဉ်း၍ တိကျစွာ ဖော်ပြလေ့ရှိကြောင်း တွေ့ရှိရပါသည်။

ဥပမာအနေဖြင့် ဂျပန်နိုင်ငံတွင်ပြဋ္ဌာန်းထားသော Disaster Relief Act , Article 22 တွင် Disaster Relief fund အကြောင်းကိုလည်းကောင်း၊ Article 26 တွင် Disaster Relief fund ကို

အသုံးပြုရမည့်နည်းလမ်းများနှင့်ဆောင်ရွက်ရမည့်ကိစ္စများကိုလည်းကောင်း၊ Article 32, 33, 34, 35 တွင် Penal Provisions အကြောင်းကိုလည်းကောင်း ပြဋ္ဌာန်းထားကြောင်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံတွင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ အစရှိသည့် ဥပဒေတို့တွင် "ရန်ပုံငွေ"(fund)နှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းထားပါသည်။

ဥပမာအနေဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ၊ အခန်း(၇)၌ "သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေ"အကြောင်းကိုဖော်ပြထားပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေတို့ထူထောင်ထားရှိပြီး အဆိုပါရန်ပုံငွေများတွင် ပြည်တွင်းပြည်ပမှထောက်ပံ့ငွေများ၊ လှူဒါန်းငွေများသာမက ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှထည့်ဝင်ငွေနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ဘဏ္ဍာရန်ပုံငွေမှ ထည့်ဝင်ငွေတို့ပါရှိခြင်းကြောင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဘဏ္ဍာရေးစည်းမျဉ်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲရမည်ဖြစ်ကြောင်းနှင့်ရန်ပုံငွေတို့ကို သုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်းနှင့်စပ်လျဉ်း၍ စာရင်းစစ်အစီရင်ခံစာကို ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီတင်ပြရမည်ဖြစ်ကြောင်း ဖော်ပြထားသဖြင့် "ရန်ပုံငွေ"(fund)ကိစ္စရပ်နှင့်စပ်လျဉ်းပြီး ပွင့်လင်းမြင်သာမှုရှိကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်၍ အစိုးရဌာန၊အစိုးရအဖွဲ့အစည်းများသည် မိမိတို့စီမံခန့်ခွဲသောကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေတစ်ရပ်ကိုရေးဆွဲရာတွင် "ရန်ပုံငွေ"(fund)ထူထောင်ခြင်းကိစ္စရပ်အား ထည့်သွင်းဖော်ပြမည်ဆိုလျှင်"ရန်ပုံငွေ"(fund)ကိုဥပဒေအရ စနစ်တကျစီမံခန့်ခွဲခြင်းပြုရန် လိုအပ်သည့်အပြင် ပြည်သူအကြား ပွင့်လင်းမြင်သာမှုရှိစေရန်လည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါကြောင်း သိရှိရပါသည်။

ဥပဒေမူကြမ်းများစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

## ကယ်လီဖိုးနီးယားတွင် အလိုအလျောက် ဆုံးဖြတ်ချက်ချပေးနိုင်သော နည်းပညာများ (Automated decision-making Technology - ADMT) အတွက် ဥဒေဏ်ရည်တုစည်းမျဉ်းများကို အပြီးသတ်ရေးဆွဲခြင်း

၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၄ ရက်နေ့တွင် ကယ်လီဖိုးနီးယားပြည်နယ်ပုဂ္ဂိုလ်ရေးဆိုင်ရာအချက်အလက်ကာကွယ်ရေးအေဂျင်စီ(CPPA)က ကယ်လီဖိုးနီးယား၏စားသုံးသူကိုယ်ရေးကိုယ်တာအချက်အလက်ကာကွယ်ရေးအက်ဥပဒေအရ အလိုအလျောက်ဆုံးဖြတ်ချက်ချပေးနိုင်သော နည်းပညာအသုံးပြုမှုနှင့်စပ်လျဉ်းသည့်စည်းမျဉ်းများကို အပြီးသတ်ရေးဆွဲခဲ့သည်။ ပြဋ္ဌာန်းထားသောစီမံခန့်ခွဲရေးဆိုင်ရာအက်ဥပဒေအရ စီမံခန့်ခွဲရေးဥပဒေရုံးက ထိုစည်းမျဉ်းများကို ရက်ပေါင်း ၃၀အတွင်း ပြန်လည်သုံးသပ်ပြီး အတည်ပြုသည့်အခါ အသက်ဝင်မည်ဖြစ်သည်။

ယင်းစည်းမျဉ်းအရ အလိုအလျောက်ဆုံးဖြတ်ချက်ချပေးနိုင်သောနည်းပညာများ (ADMT) ကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် လူသား၏ဆုံးဖြတ်ချက်ချခြင်းကိုအစားထိုးရန် သို့မဟုတ် အပြည့်အဝ အစားထိုးရန်အတွက် ပုဂ္ဂိုလ်ရေးဆိုင်ရာအချက်အလက်များကိုလုပ်ဆောင်ထားသော နည်းပညာတစ်ရပ်ရပ်ကို ဆိုသည်ဟု ကျယ်ပြန့်စွာ အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

အလုပ်အကိုင်ဆိုင်ရာအကြောင်းအရာများနှင့်စပ်လျဉ်း၍ ယင်းစကားရပ်တွင် application ဖြင့်စစ်ဆေးသော tools များ၊ စွမ်းဆောင်ရည်အပေါ်အကဲဖြတ်လေ့လာဆန်းစစ်ချက်၊ ထုတ်လုပ်မှုစွမ်းရည်ကို လေ့လာစောင့်ကြည့်သည့်ဆော့ဖ်ဝဲလ်နှင့် အလုပ်ခန့်အပ်ခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ စည်းကမ်း၊ အချိန်ဇယား၊ လစာ၊ လျော်ကြေး သို့မဟုတ် အလုပ်ရပ်စဲခြင်းတို့ကဲ့သို့ အလုပ်အကိုင်ဆုံးဖြတ်ချက်များအပေါ် အစားထိုးရန် အသုံးပြုသည့်စနစ်တစ်ရပ်ရပ်ပါဝင်သည်။ သို့ရာတွင် "အပြည့်အဝ အစားထိုးခြင်း" ဖော်ပြချက်၏အဓိပ္ပာယ်ဖွင့်ဆိုချက်အတွင်း အကျုံးဝင်မှုရှိစေရန် လိုအပ်မည့်လူသားပါဝင်ဆောင်ရွက်မှုအတိုင်းအတာနှင့်ပတ်သက်၍ အငြင်းပွားလျက်ရှိကြောင်း သိရှိရပါသည်။

ယင်းအလိုအလျောက်ဆုံးဖြတ်ချက်ချပေးသောနည်းပညာများတွင် စာလုံးပေါင်း သို့မဟုတ် သဒ္ဒါအထားအသိုများကို ရှင်းလင်းစွာပြင်ဆင်ပေးသည့် tools များ မပါဝင်ကြောင်း၊ စည်းမျဉ်းသည် အလုပ်အကိုင်ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များအပေါ် သက်ရောက်စေမည့်ဆုံးဖြတ်ချက်များ ကဲ့သို့သော အရေးပါသောဆုံးဖြတ်ချက်များနှင့် အဓိကသက်ဆိုင်ကြောင်း သိရှိရပါသည်။

ဥပဒေဘာသာပြန်ဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက် : https://www.cdflaborlaw.com

## ဟားဗတ်တက္ကသိုလ်အတွက် ထောက်ပံ့ကြေးများကို အမေရိကန်သမ္မတ Trump က ပယ်ဖျက်ခြင်းသည် ဥပဒေနှင့်ညီညွတ်မှုမရှိကြောင်း အမေရိကန်တရားရုံးက ဆုံးဖြတ်ခြင်း

ဟားဗတ်တက္ကသိုလ်အတွက် ရည်ရွယ်ထားသည့် ဒေါ်လာ ၂.၂ ဘီလီယံတန်ဖိုးရှိသော ထောက်ပံ့ကြေးများကို အမေရိကန်သမ္မတ Donald Trump အစိုးရက ဖျက်သိမ်းလိုက်ခြင်းသည် ဥပဒေနှင့်ညီညွတ်မှုမရှိကြောင်း အမေရိကန်ပြည်ထောင်စုဖက်ဒရယ်တရားရုံးက ၃-၉-၂၀၂၅ ရက်နေ့တွင် ဆုံးဖြတ်ခဲ့ပါသည်။

ဟားဗတ်တက္ကသိုလ်သည် ပြီးခဲ့သည့်ခြောက်လအတွင်း ရန်ပုံငွေရပ်ဆိုင်းမှု၊ စုံစမ်းစစ်ဆေးမှုများနှင့် ကျောင်း၏အခွန်ကင်းလွတ်ခွင့်ဆိုင်ရာ ခြိမ်းခြောက်မှုများအပါအဝင် သမ္မတ Trump နှင့် ၎င်း၏အုပ်ချုပ်ရေးအဖွဲ့တို့၏ အုပ်ချုပ်မှုဆိုင်ရာဆောင်ရွက်ချက်အချို့၏ ပစ်မှတ်ထားခြင်းခံခဲ့ရပါသည်။ Trump အစိုးရက တက္ကသိုလ်သည် ကိုးကွယ်ယုံကြည်မှုဆန့်ကျင်ရေးစွပ်စွဲမှုများနှင့် "အစွန်းရောက်လက်ဝဲ" အယူဝါဒများ ရှိနေသည်ဟု ဝေဖန်ခဲ့သည်။

Trump အစိုးရက ဟားဗတ်တက္ကသိုလ်၏ သုတေသနပြုလုပ်သူများအတွက် ထောက်ပံ့ကြေးများကို ဖျက်သိမ်းလိုက်ခြင်းသည် ကျောင်းပရိဝုဏ်၌ ဂျူးကျောင်းသားများ၏နှောင့်ယှက်မှုကို ကိုင်တွယ်ဖြေရှင်းရာတွင် ဟားဗတ်တက္ကသိုလ်က လုံလောက်စွာမလုပ်ဆောင်နိုင်ခြင်းနှင့် သက်ဆိုင်ပါသည်။ ထောက်ပံ့ကြေးများကိုဖျက်သိမ်းခြင်းသည် အစိုးရ၏ပညာရေးဆိုင်ရာလမ်းညွှန်ချက်ကို မလိုက်နာသည့်အတွက်ဟားဗတ်တက္ကသိုလ်ကို ဒဏ်ခတ်အရေးယူခြင်းဖြစ်သည်ဟုဆိုကာ ဟားဗတ်တက္ကသိုလ်က အစိုးရအားတရားစွဲဆိုခဲ့ပါသည်။ အဆိုပါလမ်းညွှန်ချက်သည် အမေရိကန်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပထမအကြိမ်ပြင်ဆင်ချက်တွင် ခွင့်ပြုထားသည့် လွတ်လပ်စွာပြောဆိုခွင့်ကို ချိုးဖောက်ခြင်းဖြစ်သည်ဟု ဟားဗတ်တက္ကသိုလ်က ပြောခဲ့ပါသည်။

အမေရိကန်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ၏ပထမအကြိမ်ပြင်ဆင်ချက်တွင် "ကွန်ဂရက်လွှတ်တော်သည် ဘာသာရေးထူထောင်ခြင်း သို့မဟုတ် ဘာသာရေးကို လွတ်လပ်စွာကျင့်သုံးခွင့်အား

တားမြစ်သောဥပဒေကိုဖြစ်စေ၊ လွတ်လပ်စွာပြောဆိုခွင့် သို့မဟုတ် သတင်းလွတ်လပ်ခွင့် သို့မဟုတ် ပြည်သူများ၏ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် နစ်နာမှုများကိုဖြေရှင်းပေးရန် အစိုးရထံအသနားခံတင်ပြခြင်းတို့ကို ကန့်သတ်သည့်ဥပဒေကိုဖြစ်စေ ပြဋ္ဌာန်းခြင်းမပြုရ" ဟု ပြဋ္ဌာန်းထားပါသည်။

Massachusetts ပြည်နယ်ခရိုင်တရားရုံးမှ အမေရိကန်ခရိုင်တရားသူကြီး Allison Burroughs က Harvard သည် ကျောင်းဝင်းအတွင်း ဂျူးမုန်းတီးမှုအပြုအမူများကို အချိန်ကာလကြာရှည်စွာသည်းခံခဲ့သည်ဟုပြောကြားခဲ့ပြီး ထောက်ပံ့ကြေးများကိုဖျက်သိမ်းခြင်းသည် ဥပဒေနှင့်ညီညွတ်မှုမရှိကြောင်း ဟားဗတ်တက္ကသိုလ်၏ပြောဆိုချက်ကို ထောက်ခံပြောကြားခဲ့ကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

- https://www.jurist.org/news/2025/09/us-judge-deems-trumps-cancellation-of-harvard-grants-unlawful/

## စပိန်နိုင်ငံက စားသောက်ဆိုင်၊ ဘားများတွင် ဆေးလိပ်သောက်ခြင်းကို တားမြစ်ခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းခြင်း

စပိန်နိုင်ငံသည် ဘားနှင့်စားသောက်ဆိုင်များတွင် ဆေးလိပ်သောက်သုံးခြင်းနှင့် အရွယ်မရောက်သေးသူများအား vape သုံးစွဲခြင်း၊ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းတို့မပြုရန် တားမြစ်သည့်ဆေးလိပ်နှင့်ဆေးရွက်ကြီးဥပဒေကို အတည်ပြုခဲ့ပါသည်။ ကျန်းမာရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်အရ ၉-၉-၂၀၂၅ ရက်နေ့(အင်္ဂါနေ့)တွင်စပိန်လွှတ်တော်မှ အတည်ပြုလက်မှတ်ရေးထိုးခဲ့သည့်ဆေးလိပ်နှင့်ဆေးရွက်ကြီးဥပဒေသည် ပြည်သူလူထု၏ကျန်းမာရေးကိုကာကွယ်ရန်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းဈေးကွက်နှင့်သုံးစွဲမှုပုံစံများ လိုက်လျောညီထွေဖြစ်စေရန်ရည်ရွယ်ကြောင်း သိရှိရပါသည်။

ဤပြဋ္ဌာန်းဥပဒေအရ အီလက်ထရောနစ်ဆေးလိပ်၊ နီကိုဒင်းအိတ်များ၊ ဆေးဖက်ဝင်အပင်ပစ္စည်းများ၊ ဆေးရွက်ကြီးနှင့်ဆေးရွက်ကြီးကိုအပူပေး၍ အသုံးပြုသည့်ပစ္စည်းများနှင့်ဆေးလိပ်အဖြစ်အသုံးပြုနိုင်သည့်အခြားဆက်စပ်ပစ္စည်းများလည်း ပါဝင်ပါသည်။ ဤဥပဒေတွင် ဘားများ၊ အားကစားကွင်းများ၊ အားကစားစင်တာများ၊ ကလေးကစားကွင်းများ၊ ဘတ်စ်ကားမှတ်တိုင်များနှင့် ပညာရေးဆိုင်ရာအဆောက်အဦများကဲ့သို့သော အများပြည်သူဆိုင်ရာနေရာများတွင် ဆေးလိပ်သောက်သုံးခြင်း၊ Vape သုံးစွဲခြင်းတို့ကို တားမြစ်ထားပါသည်။ ထို့ပြင် အဆိုပါပစ္စည်းများအား ကြော်ငြာခြင်း၊ ထောက်ပံ့ကူညီပေးခြင်း၊ အရောင်းမြှင့်တင်ခြင်းတို့ကို တားမြစ်ပိတ်ပင်ခြင်းတို့လည်း ပါဝင်ပါသည်။

မကြာသေးမီနှစ်များအတွင်းက ဆေးလိပ်ဆေးရွက်ကြီးနှင့် Vape သုံးစွဲမှုသည် ဈေးကွက်အတွင်းရောင်းချမှုများ သိသိသာသာ တိုးမြှင့်လာပါသည်။ အထူးသဖြင့် လူငယ်များအကြားတွင် နီကိုဒင်း သို့မဟုတ် ဆေးရွက်ကြီးသုံးစွဲခြင်း အမြဲမပါဝင်သော်လည်း ဆေးလိပ်သောက်ခြင်း သို့မဟုတ် အငွေ့ရှူမိခြင်းတို့၏အပြုအမူများမှာဆက်စပ်နေသည့်အတွက်ကြောင့် ဆေးလိပ်သောက်ခြင်းနှင့် Vape သုံးစွဲခြင်းအန္တရာယ်များတိုးမြှင့်လာကြောင်း စပိန်ကျန်းမာရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင် ဖော်ပြထားပါသည်။

ကျန်းမာရေးဝန်ကြီး Monica Garcia Gomez က ဤဥပဒေမူကြမ်းသည် ၂၀၀၅ ခုနှစ်တွင် လုပ်ငန်းခွင်အတွင်း ဆေးလိပ်သောက်ခြင်းကိုတားမြစ်ခဲ့ပြီး ၂၀၁၀ ခုနှစ်တွင် ဘားနှင့်စားသောက်ဆိုင်များတွင် ဆေးလိပ်သောက်သုံးခြင်းတို့ကိုတားမြစ်ခဲ့သည့်အတိုင်း စပိန်နိုင်ငံသည် ဆေးရွက်ကြီးတိုက်ဖျက်ရေးတွင် ရှေ့ဆောင်လမ်းပြဖြစ်စေရန် ရည်ရွယ်ကြောင်း ပြောကြားခဲ့ပါသည်။

စပိန်နိုင်ငံတွင် တစ်နှစ်လျှင် ဆေးလိပ်သောက်သုံးသူဦးရေ ၅၀၀၀၀ အနက် တစ်ရက်လျှင် လူဦးရေ ၁၄၀ ခန့် ဆေးလိပ်သောက်ခြင်းကြောင့် အသက်ဆုံးရှုံးနေရသည်။ ကင်ဆာအကျိတ် ၃၀ ရာခိုင်နှုန်းသည် ဆေးရွက်ကြီးသုံးစွဲမှုမှ ဖြစ်ပေါ်လာသည့်အကြောင်းအရာများနှင့် ဆက်စပ်နေသည်။ တကယ့်လက်တွေ့တွင် Vape များ၊ ဆေးရွက်ကြီးကို အပူပေးပြီး အသုံးပြုရသည့်ပစ္စည်းများနှင့် နီကိုဒင်းအိတ်များကဲ့သို့ ပစ္စည်းအသစ်များရှိလာပြီး ဆေးရွက်ကြီးသုံးစွဲမှုပုံစံမှာ ဆင့်ပွားပြောင်းလဲလာခြင်းဖြစ်ပါသည်။

ဤဥပဒေတွင် ပြစ်ဒဏ်များနှင့်စပ်လျဉ်း၍ အဆင့် ၃ ဆင့် ခွဲခြားထားပါသည်။ တားမြစ်ထားသောနေရာများတွင် ဆေးလိပ်သောက်ခြင်း၊ အသက်မပြည့်မီ ဆေးလိပ် သို့မဟုတ် ဆေးလိပ်ကဲ့သို့ပစ္စည်းများသောက်သုံးခြင်း၊ တားမြစ်ထားသောနေရာများတွင် “ဆေးလိပ်မသောက်ရ” ဆိုင်းဘုတ်ကို ပြသထားရန်ပျက်ကွက်ခြင်းစသည့် အသေးစားချိုးဖောက်မှုများ အတွက် ဒဏ်ငွေ ယူရို ၁၀၀ မှ ယူရို ၆၀၀ အထိ လည်းကောင်း၊ အရွယ်မရောက်သေးသူများကို ဆေးလိပ် သို့မဟုတ် Vape ရောင်းချခြင်း၊ အရွယ်မရောက်သေးသူများကို ဆေးလိပ် သို့မဟုတ် Vape အရောင်းနေရာများသို့ ဝင်ရောက်ခြင်းမှ တားဆီးရန် ပျက်ကွက်ခြင်း၊ ဆေးလိပ် သို့မဟုတ် ဆက်စပ်ထုတ်ကုန်များအား နမူနာအခမဲ့ပေးခြင်း၊ တားမြစ်ထားသောနေရာများတွင် ဆေးလိပ်သောက်ခြင်းကိုခွင့်ပြုခြင်းစသည့် ပြင်းထန်သောချိုးဖောက်မှုများအတွက် ဒဏ်ငွေ ယူရို ၆၀၁ မှ ယူရို ၁၀၀၀၀ အထိ လည်းကောင်း၊ မီဒီယာများတွင် ဆေးလိပ် သို့မဟုတ် Vape များ ကြော်ငြာခြင်း၊ ဆေးလိပ် သို့မဟုတ် Vape ကုမ္ပဏီများ မှ အားကစားပွဲကဲ့သို့ ပွဲတော်များတွင် ထောက်ပံ့ကူညီခြင်း၊ တားမြစ်ချက်များကို ချိုးဖောက်သည့်အရောင်းမြှင့်တင်ခြင်း

ပုံစံများစသည့်အလွန်ပြင်းထန်သောချိုးဖောက်မှုများအတွက် ဒဏ်ငွေယူရို ဖ၆သိန်းအထိလည်းကောင်း ချမှတ်မည်ဖြစ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန၏စာရင်းအရ စပိန်နိုင်ငံတွင် အမျိုးသား ၂၈.၉ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၂၂.၆ ရာခိုင်နှုန်းသည် နေ့စဉ်ဆေးလိပ်သောက်သုံးကြကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ဤဥပဒေသည် နိုင်ငံသားများ၏ကျန်းမာရေး၊လူမှုရေးအပေါ်တွင် ကောင်းမွန်သောသက်ရောက်မှု ရှိပြီး ဆေးလိပ်၊ Vape နှင့် ဆက်စပ်ပစ္စည်းများသုံးစွဲခြင်းမှ ဖြစ်ပေါ်လာနိုင်သည့်အန္တရာယ်ကိုလည်း တားဆီးနိုင်သည့်အတွက် အကျိုးရှိသည့်ဥပဒေတစ်ခုဖြစ်ပါကြောင်း သိရှိရပါသည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အာဆီယံဥပဒေရေးရာဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်များ

- https://www.theguardian.com/world/2025/sep/09/spanish-government-movesban-smoking-bar-terraces
- https://ecigator.com/guide/spain-anti-tobacco-law-fines-penalties/

# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် ( ၂၄ ) ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၂ ရက်


**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

